PROMETRIC

# အသုံးပြုသူလမ်းညွှန်

## အထူးသတိပြုချက်များ

## မာတိကာ ဇယား

1. စာမေးပွဲစည်းမျဉ်းများ ........ 3
2. ကိုယ်ရေးအချက်အလက်များဖြည့်သွင်းခြင်း ........ 5
3. စာမေးပွဲအောင်စာရင်းကြေငြာချက်များ ........ 6

# အထူးမှတ်ချက်များ

## 1. စာမေးပွဲစည်းမျဉ်းများ

<စာမေးပွဲဖြေဆိုရန်သတ်မှတ်ချက်များ>

1. စာမေးပွဲဖြေဆိုရန်သတ်မှတ်ချက်များ
စာမေးပွဲဖြေဆိုသည့်နေ့တွင်အသက်17ပြည့်မီပြီးခြင်း (အင်ဒိုနီးရှားနိုင်ငံနှင့်မြန်မာနိုင်ငံတွင် အသက်18အထက်)။ သို့သော်၊ ဂျပန်နိုင်ငံအတွင်းစာမေးပွဲဖြေဆိုလျှင် (စိုက်ပျိုးမွေးမြူရေးနည်းပညာကျွမ်းကျင်မှုစစ်ဆေးရေးစာမေးပွဲကျင်းပခြင်းလမ်းညွှန်)တွင်ဖော်ပြထားသော စာမေးပွဲဖြေဆိုရန်သတ်မှတ်ချက်များနှင့် ကိုက်ညီသူဖြစ်ရပါမည်။

စိုက်ပျိုးမွေးမြူရေးနည်းပညာကျွမ်းကျင်မှုစစ်ဆေးရေးစာမေးပွဲကျင်းပခြင်းလမ်းညွှန်
<< https://www.nca.or.jp/upload/procedure_for_the_asat_my.pdf >>

2. ပြန်လည်ဖြေဆိုခြင်းစည်းမျဉ်း
စာမေးပွဲဖြေဆိုသည့်ရက်၏နောက်တစ်ရက်မှ 45ရက်နောက်ပိုင်း နောက်တစ်ကြိမ်စာမေးပွဲဖြေဆိုခြင်းကို အသိမှတ်မပြုပါ။

3. အခြားသုံးသပ်ချက်အကြောင်းအရာများ
(1)ဂျပန်နိုင်ငံပြင်ပတွင် ဖြေဆိုသောအခါ
စာမေးပွဲကျင်းပရာနိုင်ငံ၏နိုင်ငံသားမဟုတ်သောသူများသည် သက်ဆိုင်ရာနိုင်ငံဖြင့် စာမေးပွဲလျှောက်လွှာတင်လျှင်၊ အမှန်တကယ်စာမေးပွဲဖြေဆိုခြင်းတွင် ကျရှုံး၊ အောင်မြင်သည့်အချိန်၏အမှတ်စာရင်းသည် (နည်းပညာကျွမ်းကျင်နှင့်ပက်သက်သောနေထိုင်ခွင့်လျှောက်ထားခြင်းစာရွက်စာတမ်း) အဖြစ် အသိမှတ်ပြုခြင်း၊ မပြုခြင်းနှင့်ပက်သက်၍ ဂျပန်တစ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးအသင်းမှ အာမခံမည်မဟုတ်ပါ။

(2) ဂျပန်နိုင်ငံအတွင်းတွင် ဖြေဆိုသောအခါ
ဂျပန်နိုင်ငံနှင့် နည်းပညာကျွမ်းကျင်နှင့်စပ်လျဉ်းသော နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုစာရွက်စာတမ်း(MOC)ရေးထိုးထားသောနိုင်ငံ၏ နိုင်ငံသားမဟုတ်သောသူများသည် စာမေးပွဲလျှောက်လွှာတင်လျှင်၊ အမှန်တကယ်စာမေးပွဲဖြေဆိုခြင်းတွင် ကျရှုံး၊ အောင်မြင်သည့်အချိန်၏အမှတ်စာရင်းသည် (နည်းပညာကျွမ်းကျင်နှင့်ပက်သက်သောနေထိုင်ခွင့်လျှောက်ထားခြင်းစာရွက်စာတမ်း) အဖြစ် အသိအမှတ်ပြုခြင်း၊ မပြုခြင်းနှင့်ပက်သက်၍ ဂျပန်တစ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးအသင်းမှ အာမခံမည်မဟုတ်ပါ။

<စာမေးပွဲမေးခွန်းများနှင့် အမှတ်စာရင်းများနှင့်စပ်လျဉ်းသော စုံစမ်းမေးမြန်းမှု>

ဂျပန်တစ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးအသင်းမှ စာမေးပွဲမေးခွန်းများနှင့် အမှတ်စာရင်းများနှင့်စပ်လျဉ်းသော စုံစမ်းမေးမြန်းမှုများကို လုံဝပြောကြားမည်မဟုတ်ပါ။

<မှုမမှန်သော အပြုအမူများကိုတားမြစ်ခြင်း>

ခိုးချခြင်း၊ ကိုယ်စားဖြေဆိုခြင်းများ၊ စာမေးပွဲမေးခွန်းများပေါက်ကြားခြင်းစသော မှုမမှန်မှုနှင့် အပြုအမူများပြုလုပ်သောအချိန်တွင် ဂျပန်တစ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးအသင်းမှအောက်ပါ ဆောင်ရွက်ချက်များကို ပြုလုပ်ပါမည်။
･စာမေးပွဲရလဒ်(ယခင်ဖြေဆိုခဲ့ခြင်းများလည်း ပါဝင်)ကို တရားမဝင်ဖြစ်စေခြင်း။
･စာမေးပွဲရလဒ်ကို အကြောင်းမကြားခြင်း
･နောင်စာမေးပွဲများတွင်လည်း အသိမှတ်မပြုခြင်း

ထို့အပြင်၊ မှုမမှန်သော အပြုအမူများကြောင့် စာမေးပွဲဖြေဆိုသူ၏ နောင်တွင် ဆုံရှုံးမှုများနှင့်ပက်သက်၍ ဂျပန်တစ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးအသင်းတွင် လုံဝတာဝန်မရှိပါ။

<ကိုယ်ရေးအချက်အလက်များထိန်းသိမ်းခြင်း>

စိုက်ပျိုးမွေးမြူရေးနည်းပညာကျွမ်းကျင်မှုစစ်ဆေးရေးစာမေးပွဲကျင်းပခြင်း(အောက်တွင် (ဤစာမေးပွဲ)ဟုသုံးနှုန်း) စာမေးပွဲလျှောက်ခြင်းတွင် စာရင်းသွင်းထားသော ကိုယ်ရေးအချက်အလက်များနှင့် စာမေးပွဲရလဒ်များနှင့်ပက်သက်၍ ဂျပန်တစ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးအသင်းမှ အောက်ပါစည်းမျဉ်းများကို အခြေခံ၍ ဆောင်ရွက်မည်ဖြစ်သည်။

1.ကိုယ်ရေးအချက်အလက်များ အသုံးပြုခြင်း
ဂျပန်တစ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးအသင်းသည် ကိုယ်ရေးအချက်အလက်များ ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ဂျပန်ဥပဒေအပြင် အခြားစည်းကမ်းများကို လိုက်နာဆောင်ရွက်သည့်အပြင် ဤစာမေးပွဲနှင့်စပ်လျဉ်းသောရည်ရွယ်ချက်အတိုင်း ကိုယ်ရေးအချက်အလက်များကို ဆောင်ရွက်ပါမည်။

ဂျပန်တစ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးအသင်း၏ ကိုယ်ရေးအချက်အလက်များ ထိန်းသိမ်းခြင်းစည်းမျဉ်းများ
<< https://www.nca.or.jp/upload/rules_for_the_nca.pdf >>

2.ကိုယ်ရေးအချက်အလက်များကို ကြားလူများအားပေးခြင်းနှင့်ပက်သက်၍
လက်ခံရရှိထားသော ကိုယ်ရေးအချက်အလက်များသည် အောက်ပါကိစ္စရပ်များမှလွဲ၍ ကြားလူအားထုတ်ဖော်ပြသမည်မဟုတ်ပါ။
・ကာယကံရှင်၏ သဘောတူညီချက်ရှိသော အခါ
・ဥပဒေနှင့်အညီ ကိုယ်ရေးအချက်အလက်များကို ဖော်ပြရန် တောင်းဆိုခံရသော အခါ
အကယ်၍ ဂျပန်နိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးနှင့် စေလွှတ်သည့်နိုင်ငံအစိုးရအဖွဲ့အစည်း၊ တက္ကသိုလ်စသည့် ပညာရေးအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်းသည် ခိုင်လုံသောကြောင်းပြချက်ဖြင့် ဤစာမေးပွဲ၏စာမေးပွဲရလဒ်များနှင့်ပက်သက်၍မေးလာလျှင်ဤဘက်မှဖြေကြားပါမည်။

3.ကိုယ်ရေးအချက်အလက်များ လွှဲအပ်ခြင်းများကို ဆောင်ရွက်ခြင်းနှင့်ပက်သက်၍
အထက်ပါ1၏ ရည်ရွယ်ချက်ပြည့်မီစေရန် လိုအပ်သောနယ်ပယ်အတွင်းတွင် ကြားလူများနှင့် ကိုယ်ရေးအချက်အလက်များထိန်းသိမ်းခြင်းနှင့် စပ်ဆက်သော စာချုပ်ချုပ်ဆိုပြီးနောက်တွင် ကိုယ်ရေးအချက်အလက်များနှင့်ပက်သက်၍ လွှဲအပ်ခြင်းများကို ပြုလုပ်သောအခါများလည်းရှိသည်။

## 2. ကိုယ်ရေးအချက်အလက်များကို စာရင်းသွင်းပါ

| စဉ် | မေးခွန်း | အဖြေ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | စိတ်ကြိုက်ရွေးချယ်ခြင်း1 | စိတ်ကြိုက်ရွေးချယ်ခြင်း2 | စိတ်ကြိုက်ရွေးချယ်ခြင်း3 | စိတ်ကြိုက်ရွေးချယ်ခြင်း4 | စိတ်ကြိုက်ရွေးချယ်ခြင်း5 | စိတ်ကြိုက်ရွေးချယ်ခြင်း6 | စိတ်ကြိုက် ရွေးချယ်ခြင်း7 | စိတ်ကြိုက်ရွေးချယ်ခြင်း8 | စိတ်ကြိုက်ရွေးချယ်ခြင်း9 | စိတ်ကြိုက်ရွေးချယ်ခြင်း10 |
| 1 | သင်၏မွေးသက္ကရာဇ်ကိုဖြည့်ပါ<br>(နှစ်/လ/ရက်) | 1930~ | 1~12 | 1~31 | | | | | | | |
| 2 | သင့်လိင်ကိုရွေးချယ်ပါ | မ | ကျား | | | | | | | | |
| 3 | သင့်နိုင်ငံကိုရွေးပါ။ | ကမ္ဘောဒီးယားနိုင်ငံ | တရုတ်နိုင်ငံ | အင်ဒိုနီးရှားနိုင်ငံ | မွန်ဂိုလီးယားနိုင်ငံ | မြန်မာနိုင်ငံ | နီပေါနိုင်ငံ | ဖိလစ်ပိုင်နိုင်ငံ | ထိုင်းနိုင်ငံ | ဗီယက်နမ်နိုင်ငံ | အခြား |
| 4 | သင်ဂျပန်သို့ရောက်ဖူးပါသလား။<br>ရောက်ဖူးပါက သွားရောက်သည့်ရည်ရွယ်ချက်ကိုရွေးပါ | မရောက်ဖူးပါ | အလည်အပတ် | ပညာတော်သင် | နည်းပညာ<br>သင်တန်းသား၊ အလုပ်သင်<br>သင်တန်း | အလုပ် | အခြား | | | | |
| 5 | စိုက်ပျိုးမွေးမြူရေး နည်းပညာကျွမ်းကျင်မှုစစ်ဆေးရေးစာမေးပွဲကို ဖြေဆိုရန် စာလေ့လာခဲ့ရန် သင်အသုံးချခဲ့သော အချိန်ကာလကိုရွေးပါ။ | နာရီ80<br>သို့မဟုတ်<br>အောက် | နာရီ80<br>(တပတ်လျှင်<br>4နာရီနှုန်းဖြင့် 5လ) | နာရီ160<br>(တပတ်လျှင်<br>4နာရီနှုန်းဖြင့် 10လ) | နာရီ240<br>(တပတ်လျှင်<br>4နာရီနှုန်းဖြင့် 1နှစ်နှင့် 3လ) | နာရီ300<br>(တပတ်လျှင်<br>4နာရီနှုန်းဖြင့် 1နှစ်နှင့် 6လ) | နာရီ300နှင့်<br>အထက် | | | | |
| 6 | စိုက်ပျိုးမွေးမြူရေးတွင်<br>သင်လုပ်ကိုင်ခဲ့ဖူးသော နှစ်အတွေ့အကြုံကိုရွေးပါ။ | မရှိပါ | 1နှစ်အောက် | 1နှစ်မှ 2နှစ် | 2နှစ်မှ 3နှစ် | 3နှစ်မှ 4နှစ် | 4နှစ်မှ 5နှစ် | 5နှစ်နှင့်<br>အထက် | | | |
| 7 | ဂျပန်နိုင်ငံရှိ<br>စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်<br>မေးလ်ဖြင့်ပေးပို့သော စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာရှိ<br>အချက်အလက်များကို သင်သဘောတူပါသလား။ | သဘောတူပါသည်။ | သဘောမတူပါ။ | | | | | | | | |

## 3. စာမေးပွဲအောင်စာရင်း ကြေငြာချက်များ




[Confirm]ကိုနှိပ်ပါ။ ဖြေဆိုထားသော စာမေးပွဲရလဒ်များရရှိသောအခါတွင်မှ[Confirm] ခလုတ်သည် အသက်ဝင်မည်ကို မှတ်သားထားပါ။

## 3. စာမေးပွဲအောင်စာရင်း ကြေငြာချက်များ

**農業技能測定試験結果通知書**
Notification of results for Agriculture skill assessment test

ASAT



| | |
|---|---|
| 受験番号<br>Registration Number | : 12345678 |
| 氏名<br>Name | : Joshua Santos Garcia |
| 国籍<br>Nationality | : Philippines |
| 生年月日<br>Date of birth | : 2000/01/31 (yyyy/mm/dd) |
| 性別<br>Sex | : Male |
| 受験地<br>Test location | : Philippines |
| 受験日<br>Test date | : 2019/10/30 (yyyy/mm/dd) |

နမူနာ

試験の結果は以下の通りです。
Your test results are as follows.

| | |
|---|---|
| 試験名<br>Exam name | : General crop farming (English) |
| あなたの得点<br>Your score | : 73 |
| 試験結果<br>Exam result | : Pass |

各科目の正答率は以下の通りです。
The percentage of correct answers for each section are as follows.

Japanese language Exam : 75%

Crop Farming Exam : 75%

**本結果通知書は受験日から10年間有効です。**
The evaluation result notification is valid for 10 years from the date of test.

စာမေးပွဲအောင်စာရင်းများကို ပြသပါလိမ့်မည်။